ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ( ၃၄ )၊ နေပြည်တော်

ဖုန်း - ၀၆၇ - ၃၄၁၀၁၅၃၊ ဖက်(စ်) - ၀၆၇- ၃၄၁၀၁၅၄၊ အီးမေးလ် - frdho34 @gmail.com

စာအမှတ်၊ ငကစ/မူဝါဒ/( ၃၃၈ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်

အကြောင်းအရာ။ **ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (ဒီပီအာကေ) ဆိုင်ရာ 1718 Sanction List ကိစ္စညှိနှိုင်းအကြောင်းကြားခြင်း**

ရည် ညွှန်းချက်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၄-၆-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ စဘစ/ဘဏ္ဍာ-၅/၂/၃(၁၂၁၇/၂၀၂၀)

၁။ ဒီပီအာကေဆိုင်ရာကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များအရ တားဆီးပိတ်ပင်ထားသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ စာရင်းကို လုံခြုံရေးကောင်စီက 1718 Sanction List အဖြစ် အင်တာနက်စာမျက်နှာ https://www.un.org/securitycouncil/sanctions/1718/materials တွင် ထုတ်ပြန်ထားပါကြောင်းနှင့် ထိုစာရင်းတွင်ပါဝင်သော လူပုဂ္ဂိုလ်များ/အဖွဲ့အစည်းများနှင့် ပတ်သက်ဆောင်ရွက်မှုမရှိစေရေးနှင့် တားမြစ်ပိတ်ပင်ထားသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ စာရင်းကိုဖော်ပြပါ အင်တာနက်စာမျက်နှာတွင် ကြည့်ရှုနိုင်ပါကြောင်း ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အကြောင်းကြားစာပေးပို့ခဲ့ခြင်းအပေါ် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် သိရှိရန်အတွက် ထပ်ဆင့်ညွှန်ကြားဖြန့်ဝေပေးနိုင်ပါရန် ပြည်ထောင်စုဝန်ကြီးရုံးမှ ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ကြီးကြပ်စစ်ဆေးနေသော သတင်းပို့အဖွဲ့အစည်းများဖြစ်သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ပုဂ္ဂလိကအာမခံကုမ္ပဏီများအနေဖြင့် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (ဒီပီအာကေ) ဆိုင်ရာ 1718 Sanction List ကိစ္စညှိနှိုင်း အကြောင်းကြားခြင်းကိစ္စအား သိရှိနိုင်ရန်အတွက် အကြောင်းကြားပါသည်။

၈/၆/၂၀၂၀

(ဇော်နိုင်)

ညွှန်ကြားရေးမှူးချုပ်

D-2,Policy,2020 Jan To Dec (Sanction List)

ဖြန့်ဝေခြင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ

အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ

အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်းများအားလုံး

ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုံး

မိတ္တူကို

ပြည်ထောင်စုနယ်မြေနေပြည်တော် ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ

ရုံးလက်ခံ

မျှောစာ